အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ- " မည်သူမဆိုငါအရှင်မြတ်ရဲ့ အချစ်တော် ဝလီတစ်ပါးပါးကို

ရန်ငြိုးထားမယ်ဆိုရင် ငါအရှင်မြတ် ထိုသူ့အား

စစ်ကြေငြာတော်မူမယ်။ ငါအရှင်မြတ်ရဲ့ကျေးကျွန်ဟာ

ငါအရှင်မြတ် ၎င်းအပေါ် သတ်မှတ်ပြဌာန်းထားတယ့်

ဖရဿ်ွတာဝန်များကို လုပ်ဆောင်တာထက်

အခြားပိုနှစ်သက်စရာကောင်းတယ့် အရာနဲ့ ငါအရှင်မြတ်ထံနီးကပ်မှု ရယူမည်မဟုတ်ပေ

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ " အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ- " မည်သူမဆို ငါအရှင်မြတ်ရဲ့
အချစ်တော် ဝလီတစ်ပါးပါးကို ရန်ငြိုးထားမယ်ဆိုရင် ငါအရှင်မြတ် ထိုသူ့အား
စစ်ကြေငြာတော်မူမယ်။ ငါအရှင်မြတ်ရဲ့ကျေးကျွန်ဟာ ငါအရှင်မြတ် ၎င်းအပေါ်
သတ်မှတ်ပြဌာန်းထားတယ့် ဖရဿ်ွတာဝန်များကို လုပ်ဆောင်တာထက်
အခြားပိုနှစ်သက်စရာကောင်းတယ့် အရာနဲ့ ငါအရှင်မြတ်ထံ နီးကပ်မှု ရယူမည်မဟုတ်ပေ။ငါအရှင်မြတ်ရဲ့ကျေးကျွန်ဟာ ငါအရှင်မြတ် သူ့ကို ချစ်ခင်နှစ်သက်သွားတယ့်အထိ
နဖိလ်အိဗာဒသ်များဖြင့် ငါအရှင်မြတ်ထံ နီးကပ်မှုရယူတယ်။ ငါအရှင်မြတ် သူ့ကို
ချစ်ခင်နှစ်သက်သွားပြီဆိုလျှင် ငါအရှင်မြတ်ဟာ သူနားထောင်တယ့် နားဖြစ်သွားတယ်။သူကြည့်တယ့် မျက်စိဖြစ်သွားတယ်။ သူကိုင်တယ့် လက်ဖြစ်သွားတယ်။ သူလျှောက်တယ့်
ခြေထောက်ဖြစ်သွားတယ်။ အကယ်၍ သူသည် ငါအရှင်မြတ်ထံ တောင်းခံလျှင် ငါအရှင်မြတ်
သူ့ကို အမှန်တကယ်ပင် ချီးမြှင့်ပေးကမ်းတော်မူမယ်။ အကယ်၍ သူသည် ငါအရှင်မြတ်ထံ
ခိုလှုံခွင့်တောင်းခံလျှင် ငါအရှင်မြတ် သူ့ကို အမှန်တကယ်ပင်ခိုလှုံခွင့်ပေးတော်မူမည်ဖြစ်သည်။" [صحيح] [رواه البخاري]

ဟဒီးစ်ကုဒ်စီတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဆင့်ပြန်တင်ပြ‌ခဲ့သည်မှာ- "အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်- 'မည်သူမဆို ငါအရှင်မြတ်၏အချစ်တော်ဝလီများအနက်မှ တစ်ဦးဦးကို နှောင့်ယှက်ခြင်း၊ စိတ်ဆိုးဒေါသဖြစ်စေခြင်းသို့မဟုတ် မုန်းတီးခြင်းပြုလျှင် ငါအရှင်မြတ်သည် ထိုသူအား ရန်သူအဖြစ်ထုတ်ပြန်ကြေညာတော်မူမည်။'" ဝလီဆိုသည်မှာ- အီမာန် သက်ဝင်ယုံကြည်သူသက္ကဝါတရားထားရှိသူပင်ဖြစ်သည်။ ဗန္ဒဟ်ကျေးကျွန်တွင် အီမာန်ယုံကြည်မှု နှင့်သက္ကဝါတရားမည်မျှရှိသည်ကို အခြေခံ၍ အလ္လာဟ်အရှင်မြတ်၏ ဝိလာယသ် ကို ရရှိမှုအဆင့်လည်းကွဲပြားသည်။ မွတ်စ်လင်မ်တစ်ဦးသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံဖရဿ်ွတာဝန်များကို လိုက်နာခြင်းနှင့် ဟရာမ်တားမြစ်ချက်များကို ရှောင်ကြဉ်ခြင်းထက်ပိုမို၍နှစ်သက်ဖွယ်ရာ မည်သည့်အရာကိုမျှ ဆောင်ရွက်ခြင်းဖြင့် မချဉ်းကပ်နိုင်ပေ။ထို့ပြင် မွတ်စ်လင်မ်တစ်ဦးသည် ဖရဿ်ွတာဝန်များနှင့်အတူ နဖိလ်အိဗာဒသ်များကို

□□□